" ဗုဒ္ဓဘာသာနှင့်ဆရာကောင်းဆရာမြတ် "

ကမ္ဘာ့လူဦးရေ၏ ၆ ရာနှုန်းရှိပြီး သန်းပေါင်းသုံးရာမျှသော လူဦးရေသည် ဗုဒ္ဓဘာသာဝင်များဟု မှတ်တမ်းများအရ သိရပါသည်။ နိုင်ငံအသီးသီးတွင် ဗုဒ္ဓဘာသာဝင်များ ရှိကြသလို ဂိုဏ်းဂဏအသီးသီး ကွဲပြား နေကြသည်ကိုလည်း အများအသိပင်ဖြစ်ပါသည်။ ထေရဝါဒကိုးကွယ်သော မိမိတို့မြန်မာနိုင်ငံမှာပင် ဂိုဏ်း အမျိုးမျိုးကွဲပြားလျှက်ရှိပါသည်။ ကွဲပြားသည်ဆိုခြင်းမှာ မတူခြင်းဖြစ်သည်ဟု အဓိပ္ပါယ်ရပါသည်။ မြတ်ဗုဒ္ဓ၏ အယူအဆနှင့် ဝါဒအပေါ်တွင် ကောက်ချက်ချခြင်း နားလည်မှု ရှိခြင်းတို့၌မတူ၍သာ ကွဲပြားခြင်းများ ဖြစ် ပေါ်လာပြီး ဂိုဏ်းဂဏများ ပေါ်ပေါက်လာခြင်း ဖြစ်ပေါ်လာရပါသည်။ မတူညီသောအခြေခံ ကြသည့် အယူ အဆ ရှိလာသည့် ဘက်နှစ်ဘက်တွင် နှစ်ဘက်စလုံးမှန်သည်ဟူ၍တော့ မဖြစ်နိုင်ပါ၊ တစ်ဘက်ဘက်က တော့ မှားနေပါလိမ့်မည်။

မြတ်ဗုဒ္ဓ၏ဝါဒတော်သည် အကျင့်မှန်မှ မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါလိမ့်မည်။ အကျင့်မှန်ဖို့ ရန်မှာ အသိမှန်မှသာဖြစ်ပါလိမ့်မည်။ အသိမှန် မမှန် ဆိုတာကိုလည်း အကျင့်တရားဖြင့်သာ ဆန်းစစ်သုံးသပ် ပြီးမှသိနိုင်ပါလိမ့်မည်၊ မြတ်ဗုဒ္ဓ၏ ဝါဒတော်တွင် မိမိ၏အသိနှင့် အကျင့်သည်များသည် မှန်သည်ဆိုသည်ကို မိမိဖါသာသိနိုင်သည်ဟု ထုံးစံမရှိပါ၊ မိမိ၏ဆရာကောင်းဆရာမြတ်ကသာ အဆုံးအဖြတ်ပေးနိုင်ပါသည်။ ဤအရာသည် အလွန်နက်ရှိုင်းလေးနက်သောအရာဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်ပုဂံခေတ်မှစပြီး စဉ်ဆက်မပြတ် ဗုဒ္ဓဘာသာကို ကိုးကွယ် ခဲ့ကြပါသည်၊ ထေရဝါဒ ဗုဒ္ဓဘာသာဖြစ်ပါသည်။ မိဘဘိုးဘွားဘီဘင်အဆက်ဆက်က ကိုးကွယ်သည့်အတိုင်း လိုက်နာကိုးကွယ် ကြသည့် မိရိုးဖလာဗုဒ္ဓဘာသာဝင်များက အများစုဖြစ်ပြီး ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်သူနှင့် ဖြစ်လိုသူများ လွန်စွာနည်းပါးလှပါသည်။ ဤသို့ဖြစ်ရသည်ကိုလည်း အပြစ်မတင်သင့်ပါ။ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်ရန် မှာလည်း ဗုဒ္ဓဝါဒ၏အနှစ်ကို မှန်းဆ နားလည်လာသည်မှ သက်ဝင်ယုံကြည်လာသူ ဖြစ်ရပါလိမ့်မည်။

ဤသို့ယုံကြည်သက်ဝင်ဖို့ အတွက်မှာလည်း ဆရာကောင်းဆရာမြတ်ကို ချဉ်းကပ်မိဖို့ ကအဓိကကျသည့်အချက်ဖြစ်သလို ဆရာကောင်းဆရာမြတ်ကို ချဉ်းကပ်မိဖို့ ရန်ဝန်းကျင်နှင့်နီးစပ်ပါမှ ထိုဝန်းကျင် အတွင်းသို့ ရောက်ရှိပါမှ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်လာ နိုင်ပါသည်၊ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ချင်၍ ဆရာကောင်း ဆရာမြတ်ကို ရှာဖွေသူအလွန် အလွန်နည်းပါးလှပါသည်။ သို့ပေမင့် ဆရာကောင်း ဆရာမြတ်နှင့် တွေ့ရပြီး

ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ချင်သူနှင့် ဖြစ်သွားသူများကတော့ များ ပြားလှပါသည်။ ထို့ ကြောင့် ဆရာကောင်း ဆရာမြတ်ကို မတွေ့ ရ၍ ဗုဒ္ဓဘာသာစစ်စစ်မဖြစ်သေးသူများ ကိုလည်း အပြစ်မတင်ရက်ပါ၊ ကြိုးစားရှာဖွေ၍ ဆည်းကပ်ပါရန်သာ တိုက်တွန်းလိုပါသည်။

လူသာမန်တို့ သည် မိရိုးဖလာဗုဒ္ဓဘာသာအဆင့်မှ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်ရန် ပြင်းပြသောဆန္ဒ မရှိကြခြင်းသည်လည်း ဆန်းကြယ်သည့် ကိစ္စတော့မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ရခြင်း၏ တန်ဖိုးနှင့် ချမ်းသာခြင်းကိုမသိခြင်း၊ မမှန်းဆနိုင်ခြင်းတို့ ကြောင့် ဖြစ်ပါသည်၊ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ရခြင်း၏ ချမ်းသာမှု ဆိုတာကိုလည်း အမှန်တကယ်တွေ့ ရှိခံစားပြီးဖြစ်သော ဆရာကောင်းဆရာမြတ်က သာ ဟောပြော ပြသနိုင်သည် ဖြစ်ပါသည်၊ မိရိုးဖလာဗုဒ္ဓဘာသာဝင်များအဖို့ ဆရာ၊ ဆရာကောင်းနှင့် ဆရာမြတ်ဟူ၍သုံးမျိုးရှိကြပါသည်။ ဆရာတိုင်းပင် အနန္တော အနန္တ ငါးပါးတွင်အကျုံးဝင်၍ဆည်းကပ်ထိုက် လှပါသည်။ သို့ သော် လောကီနှင့် မိရိုးဖလာ လောကုတ္တရာအရာတွင် ဆရာနှင့်ဆရာကောင်းများကို ဆည်းကပ်နည်းယူကြရမှာ ဖြစ်သော်လည်း လောကုတ္တရာစစ်စစ်နှင့် ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်ရန်မှာမူ ဆရာမြတ်ကို ရှာပြီး ဆည်းကပ်မှသာလျှင် ပြီးမြောက်နိုင်မည်ဖြစ်ပါသည်။ တနည်းအားဖြင့် လောကုတ္တရာ ဗဟုသုတနှင့် သညာအရာတွင် ဆရာနှင့်ဆရာကောင်းတို့ က ပေးစွမ်းနိုင်ကြသော်လည်း လောကုတ္တရာ ဉာဏ်ပညာဆိုသည်ကိုတော့ ဆရာမြတ်မှသာပေးစွမ်းနိုင်ပါသည်၊ ဆရာမြတ်ကို ဆရာကောင်းဆရာမြတ် ဟုလည်းခေါ်ဆိုနိုင်ကြပါသည်။

ဤနေရာတွင် ဆရာ ကို ခွဲခြားပြဆိုနေခြင်းမှာ ဗုဒ္ဓဘာသာဝင်တို့ အတွက် အလွန်အရေးကြီးပြီး သိသင့်သိထိုက်လှသောကြောင့် လေးစားစွာတင်ပြနေခြင်းဖြစ်ပါသည်၊ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်လိုသူများ နှင့် ဗုဒ္ဓဘာသာ၏အနစ်အရသာကို သိမြင်ခံစားကြ လိုသူများအတွက် သာမန်ဆရာများနှင့် ပိဋကတ်များ သည် တတ်နိုင်ကြမည်မဟုတ်ပါ၊ အထက်ကဖော်ပြပါအတိုင်း ဆရာမြတ်ကိုသာတွေ့ အောင်ရှာပြီး နည်းခံ ကျင့်ကြံ အားထုတ်ရုံမှတပါး အခြားလမ်းမရှိပါ။ သို့ ဆိုသော် ဆရာမြတ်ဟူသည် မည်သို့ သောပုဂ္ဂိုလ် မျိုး ဖြစ်ပြီး မည်သို့ သိနိုင် တွေ့ နိုင် မည်နည်းဟု မေးစရာများရှိလာပါသည်၊ လောကီတွင် မြတ်ဆရာဟု ခေါ်ဝေါ်သုံးစွဲကြသော်လည်း လောကုတ္တရာတွင်မူ အမှန်တကယ်အောင်မြင် ပေါက်မြောက်ကြကုန်သော အရိယာသူတော်ကောင်းကိုသာ ဆရာကောင်းဆရာမြတ်ဟု ခေါ်ဆိုပါသည်၊ လေးတန်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ ကို တည်ဆောက်ပြီးဖြစ်သည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ရဟန္တာကြီးတို့ သည် ဆရာမြတ်များပင် ဖြစ်ကြပါသည်။ ရဟန္တာအဆင့်သို့ မရောက်ရှိကြသေးသော်လည်း မဂ်တတန်၊နှစ်တန်၊ သုံးတန် စသည်ဖြင့် ဆိုက်ရောက်ပြီးသူ ၊ အရိယာကြီးများသည် မိရိုးဖလာဗုဒ္ဓဘာသာဝင်များကို ဗုဒ္ဓဘာသာ စစ်စစ် ဖြစ်စေရန် လမ်းညွှန်ဆုံးမပေးနိုင်ကြသော်ငြားလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင်

နိဗ္ဗာန်အရာအထိ ပေါက်မြောက် အောင်မြင်ရန်အဖို့ မှာကား ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဟု ခေါ် ဆိုထိုက်သော ရဟန္တာကိုယ်တော်မြတ်ကြီးများမှ သာ တတ်နိုင်ကြပါသည်။

မြန်မာနိုင်ငံတွင်ထိုသို့ သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးများဖြစ်ကြသော ဆရာမြတ်များ မဆိတ် သုန်းပါ၊ အစဉ်အမြဲရှိနေကြသည်ပင်ဖြစ်ပါသည်၊ ဗုဒ္ဓဘာသာဝင်တို အနေဖြင့် ထိုသို့ သော ဆရာမြတ် ကိုသိချင် တွေ့ ချင် လိုသောဆန္ဒရှိဖို့ တော့လိုပါသည်။ မိမိတို့ တွေ့ဖူးကြုံဖူး ချဉ်းကပ်ဖူးခဲ့တဲ့ ဆရာတော် သမားတော်များ ရဟန်းသံဃာနှင့် လူဝတ်ကြောင်ပုဂ္ဂိုလ်များအများအပြားပင် ရှိခဲ့ကြမည်လည်း ဖြစ်ပါသည်၊ သို့ သော် အသိတရားနှင့်တကွ အကျင့်တရားပါ ပြည့်စုံပြီး မိမိဖြစ်လိုသည့် ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်အောင် ဟောပြစွမ်းဆောင်နိုင်သူ ဖြစ်နိုင် မဖြစ်နိုင်ကိုတော့ အကဲခတ်အကဲဖြတ်နိုင်ဖို့ သည် မိမိ၏ တာဝန်ဖြစ်သ လို မိမိ၏အစွမ်းအစနှင့် ပါရမီအပေါ် တွင် မှီတည်နေပါသည်။ ဤနေရာတွင် မိမိ၌ ပါရမီရှိ မရှိ ကိုတော့ သိနိုင်ခက်ခဲလှသော်လည်း အခြေခံအားဖြင့် မမှားနိုင်သော အကဲဖြတ်ချက်တော့ ရှိသည်ဟု အကြံပြု လိုပါသည်။ မြန်မာပြည်သာမက အခြားသောနိုင်ငံများမှာပါ တရားဟော တရားပြဆရာများ၊ တရားစခန်းများ၊ ဝိပဿနာ သင်တန်းများ အများအပြားပင်ရှိနေကြပါသည်၊ ရွာဦးရွာထိပ်ကျောင်းများတွင်လည်း မိမိတို့ ကိုးကွယ်ဆည်းကပ်နေသော ရဟန်းသံဃာများ ထေရ်ကြီးဝါကြီးများ လည်း ရှိနေကြ ပါသည်၊ သို့ ပေမင့် မည်သည့်ဆရာသည် မိမိကိုတရားပေးနိုင် မပေးနိုင် ဆိုသည်မှာ ထိုဆရာသမားသည် လောကုတ္တရာ၏ အကျိုးကျေးဇူးရှိမှု များကို အမှန်အတိုင်း ပြောနိုင် မပြောနိုင် ဆိုသည်ကို ပထမ အကဲဖြတ်နိုင်ရပါမည်၊ ၎င်းဆရာသမားသည် သူကိုယ်တိုင် တရားရှိထားပြီးဖြစ်သည်ကို တိုက်ရိုက်မဟုတ်သည့်တောင်မှ သွယ်ဝိုက် ၍စကား ပရိယာယ် ဖြင့် ဝိနည်းလွတ်အောင် အာမခံရဲရဲဖြင့် ပြောသလား၊ မပြောဘူးလား ဆိုတာကိုအကဲ ခတ် နိုင်ရပါမည်၊ တရားလိုလားသော တပည့် တကာ တကာမတို့ ကိုလည်း တရားရရန် အာမခံ ရဲရဲဖြင့် ဟောကြားဆုံးမနိုင်သလားဆိုတာကို အကဲဖြတ်နိုင်ရပါမည်။ ဥပမာအားဖြင့် အနီးစပ်ဆုံး မိုးကုတ်ဆရာ တော်ဘုရားကြီး၏ တရားတော်များကို နာကြည့်လျှင် သိနိုင်၊ အကဲဖြတ်နိုင်မည် ဖြစ်ပါသည်။ ဆရာတော် ဘုရားကြီး သည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်၊ ဆရာထူး ဆရာမြတ်၊ ရဟန္တာကိုယ်တော်မြတ်ကြီးအဖြစ် ခန္ဓာဝန် ချခဲ့သည်မှာ ၄၆ နှစ်ပင်ရှိခဲ့ပါပြီ၊ ဆရာတော်ကြီး၏ တရားဓမ္မများ အထင်အရှားကျန်ရစ်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ ဓမ္မအမွေများကိုဆက်ခံရရှိသော ပုဂ္ဂိုလ်များလည်း ကျန်ရှိကြ ပါသည်။ မြန်မာပြည် တွင် ဗုဒ္ဓသာသနာတော် ထွန်းကားလျှက်ရှိနေပါသည်၊ ရဟန္တာများလည်း မဆိတ်သုန်းကြပါ၊ ဆရာကောင်း ဆရာမြတ်များလည်း ရှိနေပါသည်၊ စာရေးသူလက်လှမ်းမှီသော ဆရာမြတ်တပါးရှိပါသည်၊ ထိုပုဂ္ဂိုလ်မှာ အလွန်တရာမှ ခက်ခဲနက်နဲလှသော မြတ်နိဗ္ဗာန်အကြောင်းကို ရှင်းလင်းဟောကြားပေးနေသော ဗုဒ္ဓစာပေ

ဆုရ ဒေါက်တာချစ်ငယ်(ဒဿန) MA,Ph.D (Philosophy in Religious Sciences) London ပင်ဖြစ်ပါ သည်၊ ဆရာမြတ်သည် နိဗ္ဗာန်၏ အကြောင်းကိုင်း နိဗ္ဗာန်ရောက် ကြောင်း တရားဓမ္မများကိုင်း စာအုပ်များ ဆောင်းပါးများ များစွာရေးသားထုတ်ဝေ ခဲ့သည့်အပြင် မြန်မာနိုင်ငံရုပ်မြင်သံကြား MRTV-4 မှလည်း အပါတ် စဉ်ဟောကြားရှင်းလင်းပေးခဲ့ပါသည်၊ ဆရာမြတ်သည် ယနေ့ သက်ရှိထင်ရှားရှိနေဆဲ ဖြစ်ပါသည်၊ ဆရာမြတ် ၏ တရားဓမ္မစာအုပ်များကိုင်း ဟောကြားပို့ ချရှင်းလင်းချက် များကိုင်း ပုရိတ်သတ်ကြီးအနေဖြင့်အကဲ ခတ်နိုင်ကြပါပြီ။ မိရိုးဖလာဗုဒ္ဓဘာသာဝင်အဖြစ်မှ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်လိုသူများအတွက်ငင်း၊ တရားစစ် တရားမှန်ကို အမှန်တကယ် လိုက်စားပြီး ပေါက်မြောက်အောင်မြင်ချင်ကြသော ဓမ္မမိတ်ဆွေအပေါင်းတို့ အား ငင်း၊ စေတနာကောင်းထားလျှက် ဤဆောင်းပါးဖြင့် နိဗ္ဗာန်သတင်း ပေးဝေငှလိုက်ပါကြောင်း။

နေရဟာန်။